# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၂၅

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

( ၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက် )

**"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ ပြင်ဆင်ဖြည့်စွက်ခြင်း"**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဗဟိုဦးစီးအဖွဲ့၏ သဘောတူညီချက်အရ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့် ယင်းဥပဒေပုဒ်မ ၄၇ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့က ၂၇-၁၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅/၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့သော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း"တွင် ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များအဖြစ် အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)၏နောက်တွင် အပိုဒ်ခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

> "(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း လိုင်စင်ရရှိသူက ပြည်တွင်းတွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် ခွင့်ပြုချက် လာရောက်လျှောက်ထားသည့်အခါ စိစစ်ပြီး စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို လျှောက်လွှာမူရင်းနှင့်အတူ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။"

၂။ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်ခွဲ (ည)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ ၁၅၀၁(၁)/စမရ(၄-၃)/၂၀၂၅( ၀၈၇ )

ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ မတ် လ ၃၁ ရက်